# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
# တိုင်းဒေသကြီး/ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော
# စာရင်းကိုင်(၂)ရာထူးနေရာများအတွက် ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရှိ အောက်ဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော စာရင်းကိုင်(၂)ရာထူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) (၁၆)နေရာ အတွက် သတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | နေရာ |
|---|---|---|
| (က) | ကယားပြည်နယ် | ၂ |
| (ခ) | စစ်ကိုင်းတိုင်းဒေသကြီး | ၃ |
| (ဂ) | တနင်္သာရီတိုင်းဒေသကြီး | ၃ |
| (ဃ) | မန္တလေးတိုင်းဒေသကြီး | ၂ |
| (င) | မွန်ပြည်နယ် | ၁ |
| (စ) | ရန်ကုန်တိုင်းဒေသကြီး | ၂ |
| (ဆ) | ရှမ်းပြည်နယ် | ၁ |
| (ဇ) | ဧရာဝတီတိုင်းဒေသကြီး | ၂ |
| | **စုစုပေါင်း** | **၁၆** |

၂။ ပညာအရည်အချင်းသတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စီးပွားရေးတက္ကသိုလ်/ သမဝါယမတက္ကသိုလ်မှ ပေးအပ်သော စီးပွားရေးဘွဲ့များ

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ဖြစ်ပါက ဘွဲ့တစ်ခုခုရရှိပြီးသူများ အားလုံး လျှောက်ထားနိုင်ပါသည်။

၃။ လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) (၃၀-၁၁-၂၀၂၃) ရက်နေ့တွင် ရိုးရိုးဘွဲ့ရရှိသူများသည် အသက် (၂၈)နှစ် နှင့် မဟာဘွဲ့ ရရှိသူဖြစ်ပါက အသက် (၃၂) နှစ်၊ ပါရဂူဘွဲ့ ရရှိသူဖြစ်ပါက အသက်(၃၅)နှစ် (ဝန်ထမ်းဖြစ်ပါက ၎င်းဘွဲ့အားလုံးအတွက် အသက် ၃၅ နှစ်) ထက် မကျော်လွန်သူ ဖြစ်ရမည်။

( ဂ ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

( င ) ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ် ရေးထိုးရမည်။

( စ ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၄။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀ိ (ကျပ်တစ်ထောင်တိတိ)ကို နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်များမှတစ်ဆင့် နေပြည်တော်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ရုံးချုပ်)၏ ငွေစာရင်းအမှတ် (MD 012207)သို့ ပေးသွင်းပြီး ချလန်မူရင်း/ငွေလွှဲပြေစာမူရင်းအား လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ်(၅၈)၊ နေပြည်တော် စာစစ်ဌာန၌ ၂၃-၁၂-၂၀၂၃ ရက်(စနေနေ့)တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

၆။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ဌာန၏ Website ဖြစ်သော www.ecd.gov.mm တွင် download ရယူနိုင်ပြီး အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပူးတွဲလျက် ညွှန်ကြားရေးမှူးချုပ်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ်(၅၈)၊ နေပြည်တော်သို့ လိပ်မူ၍ အမြန် ချောပို့/စာတိုက်မှတစ်ဆင့် (၁-၁၂-၂၀၂၃) ရက် (သောကြာနေ့) ရုံးချိန်အရောက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်-

(က) ဝင်ကြေးပေးသွင်းသည့် ချလန်မူရင်း/ငွေလွှဲပြေစာမူရင်း

( ခ ) တစ်လအတွင်း ရိုက်ကူးထားသော ၁ လက်မပတ်လည် ဓါတ်ပုံ(၃)ပုံ
( နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

( ဂ ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဃ) သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်မိတ္တူ

( င ) ဘွဲ့လက်မှတ်မိတ္တူနှင့်အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မူရင်းအား လူတွေ့လာရောက် ဖြေဆိုသည့်အခါ ပြသနိုင်ရမည်)

( စ ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် (၁)လအတွင်း ရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက်မူရင်း

(ဆ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများတွင် (၁)လအတွင်း ကျန်းမာရေးကောင်းမွန်ကြောင်း စစ်ဆေးထားသည့် ဆေးစစ်ထောက်ခံချက်မူရင်း

( ဇ ) အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆) မိတ္တူ

( ဈ ) ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်းတို့နှင့် အတူ လျှောက်လွှာမိတ္တူတစ်စုံကို ကြိုတင်လျှောက်လွှာအနေဖြင့် သတ်မှတ်ရက်အမီ ပေးပို့လျှောက်ထားရန်ဖြစ်ပြီး မူရင်းလျှောက်လွှာကို သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပေးပို့လျှောက်ထားရမည်။ သက်ဆိုင်ရာဌာနမှ အချိန်မီပေးပို့နိုင်ခြင်း မရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားပေးမည် မဟုတ်ပါ။

၇။ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံသူများကိုလုံးဝ (လုံးဝ) ထည့်သွင်းလက်ခံ စဉ်းစားပေးမည် မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲကို ၂၃-၁၂-၂၀၂၃ ရက်(စနေနေ့)၌ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတ ဘာသာရပ်မေးခွန်းတို့အား နံနက်(၀၉:၀၀)နာရီမှ နေ့လယ်(၂:၃၀)နာရီအထိ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို ၁၅-၁၂-၂၀၂၃ ရက်နေ့ တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ Website ဖြစ်သော www.ecd.gov.mm နှင့် ဌာန၏ Facebook Page- Environmental Conservation Department-ECD ၌ ကြေညာပေးသွား မည်ဖြစ်၍ ၂၁-၁၂-၂၀၂၃ ရက်နေ့နှင့် ၂၂-၁၂-၂၀၂၃ ရက်နေ့တို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို နိုင်ငံသား စိစစ်ရေးကတ်ပြသ၍ ရုံးအမှတ်(၅၈)၊ နေပြည်တော်၌ ထုတ်ယူနိုင်ပါသည်။

၉။ ရေးဖြေအောင်မြင်သူစာရင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ Website ဖြစ်သော www.ecd.gov.mm ၊ ဌာန၏ Facebook Page- Environmental Conservation Department-ECD နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက ဦးစီးရုံးချုပ်၊ နေပြည်တော် တယ်လီဖုန်းအမှတ် ၀၆၇-၃၄၃၁၃၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခေါ်ယူသော
# စာရင်းကိုင်(၂)ရာထူးနေရာအတွက် လျှောက်လွှာပုံစံ

ခုံအမှတ် ------------------------------------------

ဓါတ်ပုံ

သို့
ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးအမှတ်(၅၈)၊ နေပြည်တော်

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ လ ရက်

၁။ လျှောက်ထားသူ-

(က) အမည် ------------------------------------------------------------

(ခ) ဖြေဆိုမည့်ရာထူး ------------------------------------------------------

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------------

(ဃ) မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်)/အသက် -----------------------------------------

(င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ -------------------------------------------

(စ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ် --------------------------------

---------------------------------------------------------------------------

(ဆ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အလုပ်အကိုင်

(၁)ဖခင်အမည် ---------------------------------------------------------

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------------

(၃)အလုပ်အကိုင် -------------------------------------------------------

(၄)မိခင်အမည် ---------------------------------------------------------

(၅) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် --------------------------------------

(၆)အလုပ်အကိုင် -------------------------------------------------------

(ဈ) လက်ရှိအလုပ်အကိုင် (နိုင်ငံ့ဝန်ထမ်းများအတွက်သာ)

(၁) ဌာန ------------------------------------------------------------

(၂) ရာထူး ------------------------------------------------------------

(၃) လစာနှုန်း ---------------------------------------------------------

(ဈ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ် ----------------------------

(ည) ဆက်သွယ်ရန်နေရပ်လိပ်စာနှင့် တယ်လီဖုန်းနံပါတ် ----------------------------

--------------------------------------------------------------------------------

(ဋ) အမြဲတမ်းနေရပ်လိပ်စာ(အပြည့်အစုံ) ----------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

၂။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပေးပို့ပါသည်-

(က) ဝင်ကြေးပေးသွင်းသည့် ချလန်မူရင်း/ငွေလွှဲပြေစာမူရင်း

(ခ) တစ်လအတွင်း ရိုက်ကူးထားသော ၁ လက်မပတ်လည် ဓါတ်ပုံ(၂)ပုံ

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(င) ဘွဲ့လက်မှတ်မိတ္တူနှင့်အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက်မူရင်း

(ဆ) ကျန်းမာကြောင်း ဆေးစစ်ထောက်ခံချက်မူရင်း

(ဇ) အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆) မိတ္တူ

၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် စာရင်းကိုင်(၂)ရာထူးဖြင့် ခန့်အပ်ခြင်းခံရပါက ဌာနတွင် နေရာဒေသမရွေး အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

လျှောက်ထားသူ-

လက်မှတ်---------------------------

အမည် ----------------------------

နိုင်ငံသားစိစစ်ရေးကတ်အမှတ်---------